## ၁၉၆၁ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)(ပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄။)

(၁၉၆၁ခုနှစ်၊ မတ်လ ၂၈ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေပုဒ်မ ၂၊ အပိုဒ်(ခ)တွင် "ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ကဖြစ်စေ၊" ဆိုသည့် စကားရပ်နောက်တွင် "ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်မြို့တော်မြူနီစီပါယ်ကော်ပိုရေးရှင်းက ဖြစ်စေ၊"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

----------

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ရက်။
(၁၉၆၁ခုနှစ်၊ မတ်လ ၂၈ရက်။)

အမိန့်အရ၊

သာထက်၊

နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။

---

*မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ ဧပြီလ (၁၅)ရက်၊ စာမျက်နှာ-၆၀၂။*